

ဘာသာပြန် စာရေးဆရာ–STRANGE

# ကျုပ်က ပြိုင်ဘက်ကောင်း

(ချူဒွမ်းရန်)

(Chapter 31 - 45)

စာစဉ် - ၃

## အပိုင်း ၃၁
## ယွမ်လင်၏သေးငယ်သောကမ္ဘာငယ်၊ ခရမ်းရောင်မူလအခိုးအငွေ့

အရှင် ယွမ်လင်၏ ဘဏ္ဍာတိုက်ကို မြုပ်နှံသောနေရာမှာ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

များပြားသော တာအိုအက္ခရာတို့သည် ရွှေရောင်းအလင်းတန်းအဖြစ်စုစည်းကာ ကောင်းကင်ပေါ်သို့ထိုးတက်သွား၏။၄င်းသည် မြောက်များစွာသောတာအိုဆရာသခင်တို့၏ စိတ်အာရုံကိုဆွဲဆောင်လိုက်သည်။အထူးသဖြင့် အဖြူရောင်မြို့တော်တွင်ရှိနေသူများကိုဖြစ်၏။

တာအိုဆရာသခင်များ နီးကပ်လာသည် နှင့်သူတို့၏ဓားမှ ဓားအလင်းတန်းများစွာထွက်ပေါ်လာသည်။

၄င်းတို့ထဲတွင် အတောက်ပဆုံးမှာ အဖြူရောင်ဓားအလင်းတစ်ခုဖြစ်သည်။လူတိုင်းသည် ၄င်းကိုမှတ်မိလိုက်ကြပြီးအံ့အားသင့်နေကြသည်။

''အဲ့တာက တိမ်ဖြူ ဓားသမားရဲ့ အကြီးဆုံးသားမဟုတ်ဘူးလား၊သူ

တောင်ဒီကိုရောက်တယ်လား''

'' အရှင်ယွမ်လင် ရဲ့ ရတနာတွေက တကယ်ပဲ ဆွဲဆောင်မှုရှိတယ်ထင်တယ်''

....

အရှင်ယွမ်လင်၏ ဘဏ္ဍာတိုက်ရှေ့တွင်...

ချူခွမ်းရန်သည် သူ၏ရှေ့တွင်ပွင့်လျှက်ရှိနေသော ရွှေရောင်ဂိတ်တံခါးတစ်စုံကိုကြည့်ကာ အလိုမကျစွာခေါင်းယမ်းလိုက်သည်။

ချီးပဲ...

'' သွားကြရအောင်... ''

ချူခွမ်းရန်သည် လန်ယုကိုဆွဲခေါ်ကာ ရွှေရောင်ဂိတ်အစုံကို တုံ့ဆိုင်းမှုမရှိပဲ ဖြတ်ကျော်လိုက်သည်။

ရွှေရောင်ဂိတ်တံခါးထဲသို့ဝင်ရောက်လိုက်သည်နှင့် ချူခွမ်းရန်နှင့် လန်ယုတို့သည် တောက်ပသော အလင်းတန်းနှင့် ထိပ်တိုက်တွေ့လိုက်ရ၏။

အလင်းတန်း ပျောက်ကွယ်သွားသည်နှင့် သူတို့သည် တောအုပ်တစ်ခုရှေ့တွင် ပြန်ပေါ်လာသည်ကိုတွေ့လိုက်ရသည်။

'' ဒါကသေးငယ်တဲ့ အတုအယောင်ကမ္ဘာငယ်တစ်ခုပဲ...''

ချူခွမ်းရန်ကအံ့အားသင့်ကာပြောလိုက်သည်။ဒဏ္ဍာရီများအရ ဟင်းလင်းပြင် စွမ်းရည်ကို ကျွမ်းကျင်စွာတတ်မြောက်သော အဆင့်မြင့်ကျင့်ကြံသူတို့သည် ဤကဲ့သို့သော သေးငယ်သည့် အတုအယောင်ကမ္ဘာငယ်တစ်ခုကို ဖန်တီးနိုင်ကြသည်ဟုဆိုသည်။

ထင်ရှားစွာပင် အရှင်ယွမ်လင်မှာ ၄င်းတိုထဲမှတစ်ယောက်ဖြစ်သည်။

ချူခွမ်းရန်ကလေထဲသို့ ခုန်တက်လိုက်၏။ မီတာတစ်ရာခန့်အမြင့်မှ လေ့လာကြည့်ရာ ပတ်ဝန်းကျင်တစ်ခုလုံးကို ကျယ်ပြန့်သောတောများ မြင့်မားသော တောင်တန်းတိုဖြင့်ဝန်းရံထားကြောင်းတွေ့လိုက်ရသည်။

ထိုအပြင် သူသည် လေထဲတွင် ကန့်သတ်ချက်များရှိနေသည်ကိုလည်း သတိထားမိလိုက်သည်။သူသည် မီတာတစ်ရာအမြင့်သိုသာ အများဆုံးပျံသန်းနိုင်သည်။ထိုထက်မြင့်သည်နှင့် တစ်စုံတစ်ရာက တားဆီးထားသည်။

ချူခွမ်းရန်က မြေပေါ်သိုပြန်လည်ဆင်းသက်လိုက်ပြီး ရတနာမြေပုံကို

ထုတ်ယူကြည့်လိုက်ရာ မြေပုံပေါ်ရှိအမှတ်အသားများမှာ နေရာပြောင်းသွားကြောင်းတွေ့လိုက်ရ၏။

'' ငါသိပြီ ဒါက အခုလုံးဝ မြေပုံအသစ်တစ်ခုလိုဖြစ်သွားတာကိုး... စဥ်းစားစရာပဲ''

ချူခွမ်းရန်ကပြောလိုက်ပြီး လန်ယုနှင့်အတူ မြေပုံပေါ်ရှိ အမှတ်အသားနေရာသို့ ဦးတည်လိုက်သည်။

သူထွက်ခွာသွားသည်နှင့် လူတစ်စုသည်လည်း အတုအယောင်ကမ္ဘာငယ်ထဲသို့ဝင်ရောက်လာကြသည်။ချက်ချင်းပင် မရေမတွက်နိုင်သော စိတ်ဝိဉာဏ်အာရုံတို့သည် ဦးတည်ချက်အားလုံးသို့ပျံ့နှံ့သွားခဲ့သည်။

'' ရတနာက ဘယ်မှာလဲ''

'' မကောင်းဘူး ဒီနေရာမှာကန့်သတ်ချက်တွေရှိနေတယ် ငါ့ရဲ့စိတ်ဝိဉာဥ်အာရုံက သုံးပေပဲရောက်နိုင်တယ် ဒီထက်ဝေးသွားရင်သုံးစားမရတော့ဘူး...''

'' ဒါဆို မင်းမျက်လုံးကို သုံးပေါ့ ငါတို့ရတနာကိုရှာတွေ့မှရမယ်''

လူစုသည် ဦးတည်ရာအနံ့သို့ ခွဲထွက်သွားခဲ့၏။

သို့သော် မကြာခင်မှာပင်သူတို့လမ်းတွင် အတားအဆီးများနှင့်တွေ့ရတော့သည်။တစ်ချို့သည် မြောက်များစွာသော မိစ္ဆာသားရဲများနှင့် တွေ့ရပြီး တစ်ချို့မှာသေစေနိုင်လောက်သော ဓားချိီများထုတ်လွှတ်နေသော ယန္တရားများနှင့် ပက်ပင်းတိုးသည်။တစ်ချို့မှာ အမည်မသိနေရာအချို့တွင်ပိတ်မိနေကြ၏။

ထိုအချိန်တွင် ချူခွမ်းရန်နှင့်လန်ယုတို့သည် လမ်းငယ်လေးတစ်ခုအတိုင်း လမ်းလျှောက် နေကြသည်။သူတို့သည် အပန်းဖြေစခန်းရောက်သကဲ့သို ပန်းပွင့်များ၏မွှေးရနံ့များနှင့် သာယာသော ငှက်အော်သံတို့ကိုခံစားနေကြ၏။

ချူခွမ်းရန်ကရတနာမြေပုံကို ကိုင်ကာဆိုသည်။

'' ဒီအတုအယောင်ကမ္ဘာငယ်ထဲမှာ မိစ္ဆာသားရဲတွေ၊လျို့ဝှက်ယန္တရားတွေနဲ့ တားမြစ်နယ်မြေတွေရှိတယ်၊ တကယ်လိုလမ်းသာမသိရင် ရတနာရှာရတာက ကောင်းကင်ဘုံတံခါးဝကို ရှာရတာထက်ပိုခက်ခဲလိမ့်မယ်''

သူသည် အတုအယောင်ကမ္ဘာငယ်ထဲသို့ဝင်ရောက်လာသော တခြားတာအိုဆရာသခင်များ မည်သည့်အရာများနှင့် ရင်ဆိုင်နေရသည်ကိုတွေးတောနိုင်သည်။ အခက်အခဲများကြောင့် မည်မျှပျက်စီး ပွန်းပဲ့ကာဒုက္ခရောက်နေ

ကြောင်းသူမသိပေ။

နာရီဝက်ခန့်ကြာသောအချိန်တွင် ချူခွမ်းရန်နန်းတော်တစ်ခုဆီသို့ရောက်ရှိလာခဲ့သည်။

၎င်းကို တောင်ကြားတစ်ခုထဲတွင် တည်ဆောက်ထားပြီး တာအိုစဥ်းမျဥ်းများဖြင့်ဖုံးလွှမ်းထားသည်။နန်းတော်၏တိုင်များတွင်လည်း အက္ခရာများ ထွင်းထုထားသည်ကိုတွေ့ရ၏။

''ဒီနေရာမှာပဲ... ''

ချူခွမ်းရန်၏မျက်လုံးများတောက်ပသွားသည်။

သူတိုနန်းတော်ထဲသိုဝင်ရောက်လာပြီးနောက် နေရာတိုင်းတွင် တောက်ပနေသော ရတနာများကို တွေ့လိုက်ရသည်။ ၎င်းတို့ထဲမှ အများစုမှာ ဝိညာဥ်ကျောက်တုံးများ၊ စိတ်ဝိညာဥ်အဆီအနှစ်များ၊ ဆေးလုံးများနှင့် လက်နက်များဖြစ်ကြသည်။

ထိပ်တန်းအဆင့် လက်နက်များနှင့် ပညာရှင်အဆင့် လက်နက်များကိုပင် ရတနာများထဲတွင်တွေ့ရသည်။

နန်းတော်ထဲတွင် ရတနာများသည် အပုံလိုက်ဖြစ်နေသည်။ နန်းတော်၏ထောင့်တစ်နေရာတွင် ရွှေရောင်အရည်များပြည့်နေသော ကန်

တစ်ခုကိုတွေ့ရသည်။၎င်းမှာ မြေကမ္ဘာစိတ်ဝိညာဉ်အဆီအနှစ်ဖြစ်သည်။

၎င်းသည် ကောင်းကင်စိတ်ဝိညာဉ်အဆီအနှစ်ကဲ့သို့ အဖိုးမတန်သော်လည်း မြေကမ္ဘာစိတ်ဝိညာဉ် အဆီအနှစ် တစ်ကန်လုံးမှာ လွန်စွာတန်ဖိုးကြီးနေဆဲဖြစ်သည်။

ရွှေရောင်သေတ္တာတစ်လုံးကို နန်းတော်၏အလယ်တွင် တွေ့ရ၏။ ၎င်း၏ဘေးတစ်ဖက်စီတွင် ဖီးနစ်နှင့် နဂါးပုံကို အနုစိတ်ရေးထိုးထားသည်။ သေတ္တာထဲမှ တာအိုစည်းမျဉ်း များထွက်ပေါ်နေသည်။

'' ရတနာတွေအများကြီးပဲ''

လန်ယုသည်ပင် အံ့အားသင့်မှုကိုမဖုံးကွယ်နိုင်ပေ။

အမှောင်ထဲတွင် ပုန်းအောင်းနေသော သတ္တမမြောက်ဘိုးဘေးသည်ပင် သူ၏တာအိုနှလုံးသားမှလာသော ခံစားချက်ကို မဖုံးကွယ်နိုင်ပေ။

'' ဒီရတနာတွေက တစ်ချိန်တုန်း ကပြိုင်ဘက်ကင်းလို့ဆိုတဲ့ အရှင်ယွမ်လင် ရဲ့ရတနာတွေဆိုတာမမှားဘူး၊ဒီစုဆောင်းမှုက တကယ်အံ့သြစရာပဲ''

'' ရတနာတွေကို ရတာကအရမ်းလွယ်ကူနေသလိုပဲ''

'' ဒီနေရာမှာ ဘာထောင်ချောက်တွေမှမရှိဘူးလား၊ သူ့ကြည့်ရတာ အရမ်း လွယ်ကူနေသလိုပဲ''

'' ကြည့်ရတာဒီကောင်လေး ဆီမှာရှိတဲ့ မြေပုံက လမ်းအမှန်ကိုပြပေးတာပဲဖြစ်ရမယ်၊ဒီလိုဆိုရင်တော့ ဒီကောင်လေးက တကယ်ပဲ ကံတရားရဲ့သားတော်ပဲ''

ဂိုဏ်းမှထွက်ခွာလာပြီး ရက်အနည်းငယ်ကြာသည်နှင့် အရှင်ယွမ်လင်၏ရတနာသိုက်ကို ရှာဖွေတွေ့ရှိခဲ့ပြန်သည်။သတ္တမမြောက်ဘိုးဘေးသည်ပင် ချူခွမ်းရန်၏ကံအား မအံ့သြပဲမနေနိုင်ချေ။

'' ဒီလှုံက အားကောင်းတဲ့ အလင်းချီတွေကိုထုတ်လွှတ် နေတာပဲ''

လန်ယုက လှုံတစ်ချောင်း၏ဆွဲဆောင်မှု ကိုခံလိုက်ရပြီး ကောက်ယူဟန်ပြင်လိုက်သည်။ သို့သော် ချူခွမ်းရန်၏တားဆီးမှုကိုခံလိုက်ရသည်။

''နေအုံး...''

'' သခင်...''

လန်ယုကတွေဝေသွားသည်။

'' ထောင်ချောက်တွေကိုသတိထားပါ...''

ချူခွမ်းရန်ကပြင်းပြင်းထန်ထန်သတိပေးလိုက်သည်။ သူ ဤကဲ့သို့သော ဖြစ်ရပ်များကိုရုပ်ရှင်ထဲတွင် အများကြီးမြင်ဖူးသည်။ စွန့်စားသူများသည် ရတနာကိုထိလိုက်သည်နှင့် ထောင် ချောက်များထွက်ပေါ်လာကာ သူငယ်ချင်း အပေါင်းအသင်းအားလုံးကို သေဆုံးသွားစေသည်။

'' တီဗီ ထဲက ကိစ္စတွေကတကယ်မရှိဘူးထင်ပါရဲ့...''

ချူခွမ်းရန်က လန်ယုနားမလည်နိုင်သော စကားကိုပြောကာ အနီးအနား ကိုစတင်စစ်ဆေးလိုက်သည်။

သူ၏စိတ်ဝိညာဥ် အာရုံသည် နန်းတော်၏နေရာအနှံ့သို့ရောက်ရှိသွားပြီး အရာအားလုံးကို သူ၏လက်ညိုးထိုးမလွှဲသိရှိသွား၏။

သတ္တမမြောက်ဘိုးဘေးက အမှောင်ထဲမှနေ၍ မချိပြုံး ပြုံးလိုက်သည်။ဒီကောင် ကတကယ်သတိကြီးတာပဲ။

ထိုအကြောင်းကို တွေးလိုက်မိသည်နှင့် သူတစ်စုံတစ်ရာကိုသတိထားမိ

သွားကာ သူ၏အကြည့်မှာအနည်းငယ်ပြောင်းလဲသွားခဲ့သည်။

" သေချာသလောက်ပဲ ဒီနေရာမှာ ထူးဆန်းတာတစ်ခုခုရှိနေတယ်"

ချူခွမ်းရန်နောက်ဆုံးတွင် တစ်စုံတစ်ခုအား ရှာဖွေတွေ့ရှိသွားပြီဖြစ်သည်။

သူ၏စစ်ဆေးမှုအရ ရတနားအားလုံးကို ပါးလွှာသော ဖုန်မှုန့်များဖြင့် ဖုံးလွှမ်းထားသည်။

၄င်းမှာအလွန်ပါးလွှာသဖြင့် သေချာ လေ့ကျင့်ထားသော မျက်လုံးရှိလျှင် မမြင်နိုင်ပေ။သူသည်ပင်လျှင် အကြိမ်အနည်းငယ်ခန့်စစ်ဆေးကြည့်လိုက်ရသည်။

" တကယ်ပဲ ဒါကဘာလဲ"

ချူခွမ်းရန်က သူ၏အင်မော်တယ် ခန္ဓာကိုယ်နှင့် ထိတွေ့လိုက်လျှင် အန္တရာယ် ရှိမလားဟုတွေးနေမိသည်။

" အဲတာက အမှောင်သုံးပါး ဖျက်ဆီးခြင်းဖုန်မှုန့်ပဲ"

ချူခွမ်းရန်၏ စိတ်သည် ပစ္စုပ္ပန်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။သူက

ကောင်းကင်နက်ဂိုဏ်းက တာအို အစောင့်အရှောက်တစ်ယောက် ထည့်ပေးလိုက်ကြောင်း ထုတ်မပြောသော်လည်း သိနေသည်။

'' အမှောင်သုံးပါးဖျက်ဆီးခြင်းဖုန်မှုန့်... ၊ ငါအရင်ကဒါကို ကျမ်းဂန်တွေထဲမှာပဲကြားဖူးတယ်၊ ဒဏ္ဍာရီတွေမှာပြောထားတာက သူ့မှာ ကြီးမားတဲ့ အမှောင်ထုရဲ့ ပျက်စီးခြင်းတွေပါဝင်နေတယ်တဲ့၊ သူကဖုန်မှုန့်လို ပျောက်ကွယ်နေပေမဲ့၊သူရဲ့ အစွမ်းက သွားစမ်းကြည့်သင့်တဲ့အရာတော့မဟုတ်ဘူး...''

'' စစ်ဧကရာဇ် တစ်ပါးက အဲတာကိုထိတွေ့မိလိုက်ရင်တောင် ဗွက်အိုင်အဖြစ်ပြောင်းသွားလိမ့်မယ်၊ မြင့်မြတ်သခင်တွေတောင်မှ အဲတာကိုမထိခင်နှစ်ခါစဥ်းစားရလိမ့်မယ်''

သတ္တမမြောက်ဘိုးဘေးက ရှင်းပြ၏။

ထိုစကားကိုကြားလိုက်သည်နှင့် လန်ယု၏အမူအရာမှာ ပြောင်းလဲသွားကာ မိစ္ဆာသားရဲတစ်ကောင်အား တွေ့လိုက်ရသကဲ့သို နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်လိုက်သည်။

'' အရှင် ယွမ်လင်က တကယ်ပါးနပ်တာပဲ''

ချူခွမ်းရန်က ရယ်လိုက်သည်။ထို့နောက် ချူခွမ်းရန်က ၄င်းကို မည်ကဲ့သို့ ဖြေရှင်းရမည်ကိုမေးလိုက်သည်။

'' ဒါက လွယ်ပါတယ်''

သူစကားဆုံးသည် ညင်သာသော လေပြေတစ်ချက်တိုက်ခတ်လာသည်။ လေတိုက်ခတ်လိုက်သည်နှင့် ဖုန်မှုန့်များသည် ကြက်ဥအရွယ်ခန့်ရှိသော အလုံးတစ်ခုအဖြစ် ပြောင်းလဲသွားသည်။

'' ဒါက တကယ်စွမ်းအားကြီးတဲ့အရာပဲ ဒါကိုသေချာအသုံးပြုတတ်ရင် မင်းအတွက် အကျိုးရှိလိမ့်မယ်''

သတ္တမအကြီးအကဲက ဆိုသည်။

ချူခွမ်းရန်က ဘူးတစ်ဘူးထုတ်ကာ ဖုန်မှုန့်ကိုသိမ်းဆည်းထားလိုက်သည်။

၄င်းသည် သက်ရှိများအပေါ်တွင် သာအကျိုးသက်ရောက်မှုရှိပြီး သက်မဲ့ပစ္စည်းများအပေါ်တွင် အကျိုးမရှိချေ။

'' မင်းရဲ့သတိထားတတ်တဲ့ စိတ်ကမဆိုးပါဘူးကလေး ၊ ငါတောင်မနည်းကြည့်လိုက်ရတယ် ၊ ဒါကတကယ်ပဲအထင်ကြီးစရာကောင်းတယ်''

သတ္တာမမြောက်ဘိုးဘေးက ချီးကျူးလိုက်သည်။

'' အိမ်ကထွက်လာပြီဆိုတာနဲ့ လုံခြုံမှု ကအရေးကြီးတယ်လေ''

ချူခွမ်းရန်ကပြုံးလိုက်သည်။

ထိုနောက် သူကရတနာများကို ယင်ယန်လက်စွပ်ထဲသို့ ပြောင်းထည့်လိုက်၏။သစ်သားသေတ္တာကိုမူ သူဖွင့်ကြည့်လိုက်သည်။

သေတ္တာထဲတွင် ခရမ်းရောင်အငွေ့တစ်ချို့ရှိနေသည်။

ထိုခရမ်းရောင် အငွေ့သည် ကြောက်မက်ဖွယ်ကောင်းသော တာအိုစည်းချက်များဖြင့်ပြည့်နေ၏။သို့သော်ငြားလည်း သစ်သားသေတ္တာကိုဖွင့်ကြည့်လိုက်ချိန်တွင် သေတ္တာထဲမှ ထူးခြားသော တာအိုစည်းချက်တို့သည် ပညာရှင်တစ်ဦး စကားပြောနေသကဲ့သို့ ထွက်ပေါ်လာသည်။ထူးခြားသော ရနံ့တစ်ချို့က လေထုထဲတွင် ပျံ့နှံ့သွားခဲ့သည်။

'' ဒါကပညာရှင် ကံ ကြမ္မာ၊ ခရမ်းရောင်မူလအခိုးအငွေ့ပဲ''

ထိုအချိန်တွင် သတ္တာမဘိုးဘေးကအော်ဟစ်လိုက်သည်။

ထိုအရာကိုမြင်လိုက်သည်တွင် ချူခွမ်းရန်၏မျက်လုံးမှာ တောက်ပသွားသည်။

ခရမ်းရောင်မူလအခိုးအငွေ့ သူငှင်းကို အရင်ကကြားဖူးသည်။ ၄င်းသည် ပညာရှင်ကံကြမ္မာ ဟူ၍ လူအများကြားတွင် ကျော်ကြားသည်။

တစ်ချိန်က ၄င်းအငွေ့ကိုပိုင်ဆိုင်ထားသော မြင့်မြတ်သခင် တစ်ယောက်သည် ရာစုနှစ်အနည်းငယ်အတွင်းမှာပင် ပညာရှင် အဆင့်သို့ရောက်ရှိသွားလေသည်။

သို့သော် ဤခရမ်းရောင်မူလအခိုးအငွေ့တွင် ဘေးထွက်ဆိုးကျိုးရှိသည်။ ၄င်းကိုအသုံးပြုသောသူသည် ပညာရှင် များထဲတွင် အားအနည်းဆုံးဖြစ်မည် ဖြစ်သည်။ထို့အပြင် နောက်ထပ်တိုးတက်ရန် ခဲယဥ်းသွားပေလိမ့်မည်။

သို့သော်လည်း ပညာရှင် တစ်ဦးမှာ ပညာရှင် တစ်ဦး ဖြစ်နေသေးသည်။ ထိုအဆင့်မှာ လူသန်းပေါင်းများစွာ၏ အထက်တွင်တည်ရှိသော အဆင့်ဖြစ်သည်။

အကယ်၍ ခရမ်းရောင်မူလအခိုးအငွေ့ ဤနေရာတွင်ရှိသည် ကိုသိရှိလျှင် မရေမတွက်နိုင်သော တာအိုဆရာသခင်တို မှာရူးသွပ်သွားကြမည်ဖြစ်သည်။

***